# ပါဆယ်အာမခံစည်းကမ်းချက်များ

## ၁။ ပေးလျော်ရန်တာဝန်

ဤပါဆယ်အာမခံအလို့ငှာ အာမခံထားသူပေးသွင်းသောပရီမီယံကို အကြောင်းပြု၍ အာမခံပေါ်လစီ သက်တမ်းအတွင်း ပေါ်ပေါက်သည့် အာမခံထားသော ပါဆယ်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် (အာမခံထားငွေ သို့မဟုတ် အများဆုံးကျပ် ၁,၀၀၀,၀၀၀/-ထက်မပိုသည့်) လျော်ကြေးကို ပေါ်လစီစည်းကမ်းချက်များ နှင့်အညီပေးလျော်ရန် ဤကုမ္ပဏီက တာဝန်ယူသည်။

## ၂။ အာမခံထားခွင့်ရှိသူ

ပါဆယ်ပိုင်ရှင်များ

## ၃။ ပါဆယ်ပို့သူ

ပါဆယ်ပို့သူသည် ပါဆယ်ပစ္စည်းများအား တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ပေးရန် အပ်နှံခြင်းခံရသည့် လုပ်ငန်းများကို တရားဝင်ဆောင်ရွက်ခွင့် ရရှိထားသော ကော်ပိုရိတ်အာမခံကိုယ်စားလှယ်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားသည့် ကုန်စည်ပို့ဆောင်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများ (နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်လိုင်စင် လျှောက်ထားရန် ခွင့်ပြုချက်ရှိရမည်) ဖြစ်ပါသည်။

## ၄။ ပေါ်လစီသက်တမ်းကာလ

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့များအကွာအဝေးအလိုက် မြန်မာ့စာတိုက်လုပ်ငန်းမှ သက်မှတ်ရက်များအတိုင်း။

ပစ္စည်းပို့ဆောင်သူက ပစ္စည်းလက်ခံရာကောင်တာ သို့မဟုတ် ပေးပို့သူ၏ လိပ်စာရှိရာနေရာမှ စတင်သယ်ယူပြီး၊ ပို့ဆောင်ပေးရမည့်လိပ်စာသို့ ရောက်ရှိပေးအပ်သည့် အချိန်အထိ (ပစ္စည်းပို့ဆောင်သည့်ကုမ္ပဏီ၏ ကောင်တာ၊ ကုန်ရုံတွင် ပြန်လည် ထုပ်ပိုးခြင်း အပါအဝင်နှင့် မြန်မာနိုင်ငံအတွင်းတွင်သာ)

## ၅။ အာမခံအကာအကွယ်အကျုံးဝင်သည့်ပစ္စည်း

အောက်ပါအချက်များမှအပဖြစ်သော တရားဝင်အထွေထွေကုန်ပစ္စည်း/ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ -

- (က) ရှေးဟောင်းပစ္စည်း၊ ပန်းချီနှင့် အနုပညာလက်ရာပစ္စည်းများ၊ ငွေချေးစာချုပ်များ၊ Security paper၊ သဘောတူစာချုပ်များ၊ ငွေလဲလှယ်မှုပြေစာများ၊ ကတိစာချုပ်များ၊ စာချုပ်စာတမ်းများ၊ ချက်လက်မှတ်များ၊ လက်ရေးမူများ၊ အီလက်ထရောနစ် အချက်အလက်များ၊ တံဆိပ်ခေါင်းများ၊ ငွေသားများ၊ တံဆိပ်များ၊ ငွေရပြေစာများ၊ မျိုးစေ့များ၊ ရွှေတုံး ငွေတုံးများ။
- (ခ) စီးကရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ဝိုင်အရက်၊ အရက်ပြန်၊ အရက်အမျိုးမျိုးနှင့် ယမကာအရက်များ။
- (ဂ) ပလက်တီနမ်၊ ရွှေ၊ ငွေနှင့် အခြားအဖိုးတန်သတ္တု/ ကျောက်မျက်များနှင့် လက်ဝတ်ရတနာများ သို့မဟုတ် နာရီများ။
- (ဃ) မွေးမြူရေး/တိရိစ္ဆာန်များ။
- (င) အေးခဲ၊ သွေ့ခြောက် သို့မဟုတ် လတ်ဆတ်သောအစားအစာများ၊ အေးခဲ၊ အခြောက်လှန်းထားသော သို့မဟုတ် လတ်ဆတ်သောအသားများ/ပင်လယ်စာများ/လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် သစ်သီးများ စသည်ဖြင့်။
- (စ) ပစ္စည်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ချွင်းချက်တားမြစ်သတ်မှတ်ထားသော၊ အန္တရာယ်ရှိ ကုန်ပစ္စည်းများ။

## ၆။ အာမခံအကာအကွယ် အကျုံးမဝင်သောဆုံးရှုံးပျက်စီးမှုများ

အောက်ပါအချက်များကြောင့်ပေါ်ပေါက်သော ပျက်စီးဆုံးရှုံးမှုများ အတွက် FNIG တွင် တာဝန်မရှိစေရ -

- (က) မြန်မာနိုင်ငံနယ်နိမိတ်ပြင်ပတွင်ပေါ်ပေါက်သော ဆုံးရှုံးပျက်စီးမှု။
- (ခ) ပို့ဆောင်သည့်ဌာန/ အဖွဲ့အစည်းများက ကန့်သတ်ထားသော ကုန်ပစ္စည်းများဖြစ်ခြင်း။
- (ဂ) အာမခံထားသူ၏ ရည်ရွယ်ချက်ရှိရှိလုပ်ရပ် သို့မဟုတ် အမှားကြောင့်ဖြစ်ရသော ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးဆုံးရှုံးမှု။